# ဘာသာပြန်သူ၏ အမှာစာ

နောက်နေ့မှာ ဘယ်သူမှ မသေကြတော့ပါဆိုတဲ့ ဝါကျနဲ့ စဖွင့်ထားတဲ့ ပေါ်တူဂီစာရေးဆရာ ဟိုဆေးဆာရာမာဂိုးရဲ့ Death with Interruption (အမရဏ္ဍာနေလို့ မြန်မာဘာသာပြန်တွင် ခေါင်းစဉ်အသုံးပြုထား)ဟာ ကျွန်တော်တို့တွေ ဖတ်ရှုနေကျ ဝတ္ထုပုံစံမျိုးမဟုတ်တဲ့ ဝတ္ထု တစ်အုပ်ပါပဲ။

၂၀၀၅ ခုနှစ်မှာ ပေါ်တူဂီဘာသာစကားနဲ့ စတင်ထုတ်ဝေခဲ့ပြီး ၂၀၀၈ ခုနှစ်မှာ အင်္ဂလိပ်ဘာသာစကားနဲ့ ထုတ်ဝေခဲ့ပါတယ်။ ပေါ်တူဂီဘာသာကနေ အင်္ဂလိပ်ဘာသာကို မာဂရက်ဂျူးလ်ကော်စတာက ပြန်ဆိုခဲ့တာဖြစ်ပါတယ်။ တခြားဝတ္ထုတွေနဲ့ ဘာ့ကြောင့်မတူရသလဲဆိုတော့ ဆာရာမာဂိုးရဲ့ အရေးအသားပုံစံက ရှည်လျားပြီး ထိုးထိုးထောင်ထောင်နဲ့ ဟိုရောက်ဒီရောက် ဝါကျတွေနဲ့ ပုဒ်ရပ်သင်္ကေတ (comma) တွေကို တစ်ပုံတစ်ခေါင်း အသုံးပြုထားတဲ့အပြင် အပြန်အလှန်ပြောဆိုကြတဲ့ ဒိုင်ယာလော့ဂ်တွေမှာလည်း မျက်တောင်အဖွင့် အပိတ်တွေ အသုံးမပြုဘဲ ဝါကျတစ်ကြောင်းတည်းမှာ ပြောဆိုတဲ့ ပုံစံကို အသုံးပြုတဲ့ ပုံစံမျိုးဖြစ်နေလို့ပါပဲ။

နှစ်ဆယ်ရာစု မော်ဒန်စာပေ ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ဂျိမ်းဂျွိုက်စ် (Jame Joyce) ရဲ့ ရေးဟန်မျိုးလို့လည်းဆိုကြပါတယ်။ ဆာရာမာဂိုးက စာဖတ်သူကို ရှည်လျားထွေပြားတဲ့ စာပိုဒ်တွေနဲ့ စကားလုံးပင်လယ်ထဲမှာ စာဖတ်သူရဲ့ အာရုံစူးစိုက်မှုကို တောင်းဆိုထားသလိုမျိုးပါပဲ။ ဖတ်ရခက်တဲ့ဝတ္ထုလို့ ဆိုရမှာပါပဲ။

စာရေးသူက ဝတ္ထုထဲမှာဝင်ပါပြီး ဇာတ်ကြောင်းကို ရှင်းပြတာမျိုး လုပ်လားလုပ်ရဲ့။ စာဖတ်သူကိုပါ ဝတ္ထုထဲဆွဲခေါ်ပြီးနောက် ဘာဖြစ်နိုင်လဲဆိုတာမျိုးကို ခန့်မှန်းခိုင်းတာမျိုးကိုလည်း လုပ်ရဲ့။ ပို့စ်မော်ဒန် အရေးအသား တက်ခေတ်နေတွေထဲက ဝတ္ထုအကြောင်းပြောပြနေတဲ့ဝတ္ထု (meta-fiction) ဆန်တဲ့ အရေးအသားဟန်ဟာ ဆာရာမာဂိုးရဲ့ အကျွမ်းကျင်ဆုံး စာရေးနည်းအတတ်ပညာဆိုတာကို သူ့ရဲ့ဝတ္ထုတွေမှာ မြင်ရလေ့ရှိပါတယ်။

ယခု ဝတ္ထုအကြောင်းကို အနည်းအကျဉ်း မိတ်ဆက်ရမယ်ဆိုရင် ဒီဝတ္ထုမှာ အပိုင်းနှစ်ပိုင်းပါဝင်ပါတယ်။ ပထမပိုင်းက သေမင်းရဲ့ ရိုက်ခတ်ချက်လို့ပြောရမှာဖြစ်တယ်။ ဒုတိယပိုင်းက သေမင်းရဲ့ ရှုံးနိမ့်မှုလို့ပြောရမလားပဲ။

ပထမပိုင်း-အမည်ပေးမထားတဲ့ နိုင်ငံတစ်နိုင်ငံမှာ နှစ်သစ်ရဲ့ ပထမဆုံးနေ့ကစလို့ လူတွေမသေကြပါဘူး။ သေမင်းဟာ အားလပ်ရက် ခွင့်ယူသွားတယ်ပေါ့။ အနောက်တိုင်းမစ်သ်တွေရဲ့ အလိုအရ သေမင်းဟာ အထီးအမလိင်အားဖြင့် အမ ဖြစ်ပါတယ်။ သေခြင်းမရှိတော့တာ ပျော်စရာပေါ့။ အဲဒီအတွက် လူတွေဟာ ဆောင်မွဲတွေကျင်းပကြတယ်။ ထာဝရအသက်တာကို ရရှိပြီပေါ့။ နောက်တော့ မသေတော့တာဟာ ပြဿနာပဲဆိုတာ သိလာပြန်တယ်။

ဘာသာရေးအာဏာပိုင်တွေက သေခြင်းမရှိတော့ရင် ဘာသာရေးအရ အခက်တွေ့ပြီ။ ကျောင်းတော်တွေ ဘယ်လိုဆက်ရပ်တည်ရမလဲ။ နိုင်ငံရေးအရ မသေတော့တဲ့ လူတွေကို ပင်စင်တွေ ဆက်ပေးနေရရင် တိုင်းပြည်ဒေဝါလီခံရတော့မယ်။ သုဘရာဇာတွေ အလုပ်မရှိတော့ဘူး။ သေခြင်းမရှိတော့ပေမဲ့ နာခြင်းကတော့ရှိနေဆဲမို့ ဆေးရုံတွေမှာ လူတွေပြည့်လျှံလာတယ်။ ဘိုးဘွားရိပ်သာတွေမှာ လူတွေ ထားစရာမရှိတော့ဘူး။ အိမ်တွေမှာ သေအံ့မူးမူးလူနာတွေ ရှိလာကြတယ်။ လူနာတွေကလည်း သေချင်နေကြတယ်။ ဒါပေမဲ့ မသေရတာကြောင့် သူတို့လည်း အဆင်မပြေဘူး။

အဲဒီအကျပ်အတည်းကို ဖြေရှင်းဖို့ တစ်ဖက်နိုင်ငံမှာ တရားမဝင်ခိုးခိုးပြီး သွားသေကြတယ်။ အဲဒီတော့ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး ပြဿနာတွေက တာယာကွင်းမီးလို တငွေ့ငွေ့ လောင်မြိုက်နေတော့တာပဲ။

ဒုတိယပိုင်း-သေမင်းမဟာ အလုပ်ပြန်လုပ်လာတယ်။ ဒီတစ်ကြိမ်မှာတော့ သူမက လူတွေကို ခရမ်းရောင်စာတစ်စောင်ပို့ပြီး တစ်ပတ်ပြည့်ရင်သေရမယ်။ မသေခင် ပြင်ဆင်စရာရှိတာတွေ ပြင်ဆင်ထားဆိုပြီး တစ်ကျော့ပြန်လည်စတင်တယ်။ သူမရဲ့ စာကို လက်ခံရတဲ့လူတွေကတော့ အရူးအမူးပါပဲ။ နောက်ဆုံးလက်ကျန် တစ်ပတ်ကို ပုံစံမျိုးစုံ ဖြတ်ကျော်ကြတယ်။ မီးကုန်ယမ်းကုန် ပျော်ပါးမယ်ဆိုသူတွေက ပျော်ပါးကြတယ်။ သတ်သေမယ်လို့ ကြိုးစားတဲ့သူတွေ မအောင်မြင်ကြဘူး။

တစ်ပတ်တိတိပြည့်တဲ့ အချိန်ကျမှ သတ်သေသူတွေ အောင်မြင်ကြတယ်။ အဲဒီမှာမှ ဘယ်လိုမှ စာပို့လို့မရတဲ့တစ်ယောက် ပေါ်ထွက်လာတယ်။ သူက အသက်ငါးဆယ်အရွယ် တစ်ကိုယ်တည်းသမား တယောကြီးထိုးတဲ့ ဂီတသမား။ စာသုံးကြိမ်ပို့တာ သုံးကြိမ်စလုံး သေမင်းဆီပြန်ရောက်လာတယ်။ အဲဒီတော့ သေမင်းမ ဒေါသပေါက်ကွဲတော့တာပေါ့။ အဲဒါကြောင့် တယောထိုးသမားကြီးဆီ သူမ ကိုယ်တိုင်လာပြီး အနီးကပ်စစ်ဆင်ရေးပြုလုပ်တယ်ပေါ့။ နောက်ဘာတွေ ဆက်ဖြစ်လဲဆိုတာတော့ မိတ်ဆွေတို့ကိုယ်တိုင်ပဲ ဖတ်ရှုကြပါကုန်။

ဆာရာမာဂိုးဟာ အဖြစ်အပျက်တွေအကုန်လုံးကို အထက်စီးကနေမြင်ရသလို မြင်ကွင်းကျယ်ရှုမျှော်ခင်းနဲ့ ပုံဖော်ပြထားတယ်။ အဖွဲ့အစည်းတွေ၊ လူတစ်ယောက်ချင်းစီရဲ့ အတွေ့အကြုံတွေ ရေးသားထားတယ်။ အထက်မှာဖော်ပြခဲ့သလိုပဲ ဒီဝတ္ထုဟာ ဖတ်ရခက်တဲ့ ဝတ္ထုဖြစ်ပါတယ်။ ဆိုတော့ ဘာသာပြန်ရတာလည်း ခက်ခဲလှပါတယ်။ မြန်မာဘာသာစကားကို ပြန်ဆိုရာမှာ အဆီလျော်ဆုံး၊ အချောမွေ့ဆုံးဖြစ်အောင် ဘာသာပြန်သူတစ်ယောက်အနေနဲ့ အားထုတ်ထားပေမဲ့ အကောက်အယူလွဲတာတွေ၊ အဆင်မပြေဖြစ်တာတွေလည်း ရှိကောင်းရှိနိုင်ပါတယ်။ အကယ်၍ တစ်စုံတစ်ရာ အမှားအယွင်းရှိခဲ့ပါလျှင် ဘာသာပြန်သူ၏ ညံ့ဖျင်းမှုသာ ဖြစ်ပါ ကြောင်း။

လေးစားလျက်
မိုးသက်ဟန်